# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေး

# ဒုတိယနေ့ အစီအစဉ်

# [ ၂၉- ၅ - ၂၀၁၄ ]

# ( ကြာသပတေးနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ဒုတိယနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **သန်လျင်မြို့နယ်အတွင်းရှိ ကျေးရွာအချို့အား ရွာမြေတိုးချဲ့ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာ စံပြကျေးရွာ၊ (၂)ရပ်ကွက်၊ ထန်းပင်ကုန်းလမ်းနှင့် ဈေးလမ်းကြီး ဆက်သွယ်ထားသော လမ်းသွယ်၏ ဝဲနှင့်ယာတွင် လမ်းမြေကျူးကျော်၍ ခြံစည်းရိုး (အုတ်တံတိုင်း) ကာရံထားခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **ကျောက်ပန်းတောင်း-ပွေးကျစ်လမ်း၏ ကျန်ရှိလမ်းအပိုင်းကို ဆက်လက်ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဌေးယိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **ပလက်ဝမြို့နယ်အတွင်းရှိ ရွာချင်းဆက်လမ်း(၆၂)မိုင်အား ဆိုင်ကယ်သွားမြေသားလမ်းအဖြစ် ဖောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **ချင်းပြည်နယ်၊ ဖလမ်းမြို့အနီးရှိ ကြောင်းဟဲန်နှင့် ဇာမွာလ်ကျေးရွာအတွင်း ဖြတ်သန်းသွားသောလမ်းအား တိုးချဲ့တူးဖော်ပြီး ကတ္တရာလမ်းခင်းကာ အဆင်းကားလမ်းအတွက် အသုံးပြုရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **မော်တော်ယာဉ်နှင့် စက်ယန္တရားများကို နယ်စပ်ဂိတ်များမှ တင်သွင်းခွင့်ပြုရာတွင် ကညနခွန်နှင့် အခြားအခွန်အကောက်များကို တစ်နိုင်ငံလုံး တစ်သမတ်တည်း မဟုတ်ဘဲ အသုံးပြုမည့်ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် လျှော့ချကောက်ခံရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)(ဥက္ကဋ္ဌ၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ)၏ **တပ်မတော်ဆေးတက္ကသိုလ် နောက်ဆုံးနှစ်အပိုင်း(ခ) တက်ရောက်နေစဉ် ထုတ်ပယ်ခြင်းခံခဲ့ရသော မကွေးတိုင်း ဒေသကြီး၊ တောင်တွင်းကြီးမြို့၊ ရှင်အုံးညိုလမ်းတွင် နေထိုင်သူ ဗိုလ်လောင်း ရဲထွဋ်ဝင်းအား ဆေးတက္ကသိုလ်(မကွေး)တွင် ပညာဆက်လက်သင်ယူခွင့် ခွင့်ပြုပေးနိုင်ခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဇ ) ဦးတင်မောင်မြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ **နိုင်ငံတော်အတွင်းရှိ မြို့နယ်အဆင့် ဆေးရုံများအား အနိမ့်ဆုံး ခုတင်(၅၀)ဆံ့ ဆေးရုံများအဖြစ် ချထားပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ယှဉ်ပြိုင်မှု ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်း နှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယှဉ်ပြိုင်မှု ဥပဒေကြမ်းကို လက်ခံ ဆွေးနွေးစဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယှဉ်ပြိုင်မှု ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဒုတိယနေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် တတိယနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။